# ပြည်သူ့ရှေ့ဆောင်ပါတီ
# PEOPLE'S PIONEER PARTY

Address - No.275,10B, KBZ Tower, Pyay Road, Sanchaung Township, Yangon 11111
Office Phone Number - 09-446446941, 09-446446942, 09-446446943
Email - office.ppp.myanmar@gmail.com, Website - www.pppmyanmar.org


## တိုင်းရင်းသား မဟာမိတ် ပါတီများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဝါဒ

၁။ ပြည်သူ့ရှေ့ဆောင်ပါတီသည် တာဝန်ယူမှု တာဝန်ခံမှု အပြည့်ဖြင့် ပြည်သူ့ရှေ့မှ မားမား မတ်မတ်ရပ်တည်ကာ နိုင်ငံရေး လုပ်ငန်းစဉ်များအား စုပေါင်းစွမ်းအားဖြင့် လုပ်ကိုင်ဆောင်ရွက်မည့် ပါတီ ဖြစ်ပါသည်။ ပါတီမှ ချမှတ်ထားသော အခြေခံမူ(၂၁) ချက်နှင့် စံတန်ဖိုး(၅) ချက်တို့အား ဦးထိပ် ပန်ဆင်၍ စစ်မှန်သော တိုးတက်ပြောင်းလဲမှုများ ရရှိစေရန် လူထုလူတန်းစား အလွှာပေါင်းစုံနှင့် လက်တွဲဖွဲ့စည်း တည်ဆောက် သွားပါမည်။

ထို့ကြောင့် အောက်ဖော်ပြပါ တိုင်းရင်းသားရေးရာ မူဝါဒများကို ပြဋ္ဌာန်းသတ်မှတ်ထားပါသည် -

(က) နိုင်ငံ၏ ကဏ္ဍာ အသီးသီးတွင် တိုင်းရင်းသားများ တန်းတူ ပါဝင်ခွင့်နှင့် စီမံ ဆုံးဖြတ်ခွင့်ရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(ခ) တိုင်းရင်းသားအားလုံး လိုလားတောင်းတသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ကြီး တည်ဆောက်နိုင်ရေး ညှိနှိုင်း ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) တိုင်းရင်းသားအားလုံး၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီမျှမှုကို အလေးထား ဆောင်ရွက်မည်။

(ဃ) တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာများနှင့် ဝိသေသလက္ခဏာများကို တန်းတူ အသိအမှတ်ပြုမည်။

(င) တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထွက် သဘာဝ သယံဇာတ အရင်းအမြစ် များအပေါ် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများကို ဒေသခံတိုင်းရင်းသားများနှင့် ညှိနှိုင်းဆောင်ရွက်မည်။

၂။ ပြည်သူ့ရှေ့ဆောင်ပါတီသည် တိုင်းရင်းသားပါတီများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆောင်ရွက်သွားရန် ဆန္ဒရှိပါသည် -

(က) ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၏ လူမှုစီးပွားရေးဆိုင်ရာမူဝါဒများကို ပြည်ထောင်စုအဆင့် စီးပွားရေးမူဝါဒများနှင့် ပေါင်းစပ်ညှိနှိုင်းဖော်ထုတ်သွားရန်၊

(ခ) ဖက်ဒရယ်မူအား အခြေခံဥပဒေရေးရာ၊ နိုင်ငံရေးသဘောတရားရေးရာ၊ အာဏာခွဲဝေမှုရေးရာ ချဉ်းကပ်မှုများအပြင် ပိုမို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စီးပွားရေးမူဝါဒ လုပ်ငန်းစဉ်များနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသလို မဖြစ်မနေ ရပ်တည်ရမည့် စီးပွားရေးကဏ္ဍကြီးများအား ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဘုံလုပ်ငန်းစဉ်များကို ချမှတ်သွားရန်၊

(ဂ) တိုင်းရင်းသားလူမျိုးအားလုံး၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီမျှမှုကို အသိအမှတ်ပြုနိုင်မည့် မိခင် တိုင်းရင်းသား ဘာသာစကား သင်ကြားခွင့်နှင့် စာပေယဉ်ကျေးမှု ရှင်သန်ထွန်းကားရေးအတွက် လိုအပ်သည့် သုတေသန လုပ်ငန်းစဉ်များ၊ နိုင်ငံတကာ သင်ခန်းစာများနှင့် စမ်းသပ် နမူနာ စီမံချက်များကို ရေးဆွဲ သုံးသပ် နိုင်ရန်၊

(ဃ) တိုင်းရင်းသားဒေသများအတွက် ပြည်သူ့ဘဏ္ဍာရန်ပုံငွေ စီမံခန့်ခွဲမှု၊ ပြည်ထောင်စုရန်ပုံငွေမှ ပြန်လည်ခွဲဝေပေးမှု၊ နယ်စပ်ဒေသ ကုန်သွယ်ရေးစခန်း များမှ အခွန်အကောက်နှင့် အခြားဝင်ငွေများအား ခွဲဝေ သုံးစွဲရေး စသည့် လက်ရှိမူဝါဒများကို ပြန်လည်သုံးသပ်ရန်နှင့် ပြုပြင်ပြောင်းလဲသင့်သော မူဝါဒ လုပ်ငန်းစဉ်အသစ်များ ဖော်ထုတ်သတ်မှတ်နိုင်ရန်၊

(င) ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားလူမျိုးများ အားလုံး အတူတကွ ကြုံတွေ့နေရသည့် အမျိုးသားရေးစိန်ခေါ်မှုကြီးများဖြစ်သော ရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အရေးများ အဆင်မပြေမှု၊ မူးယစ်ဆေးဝါးနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးပြုန်းတီးမှု စသည့် ပြဿနာများကို စုပေါင်းအဖြေရှာ၍ ပိုမိုကောင်းမွန်သော နည်းလမ်းများအား ဖော်ထုတ်နိုင်ရန်၊

(စ) ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားလူမျိုးများအားလုံး အတူတကွ ရရှိလာသော ပြည်ထောင်စုအဆင့် စီးပွားရေးအခွင့်အလမ်းများ ဖြစ်သည့် အာရှအမြန်လမ်းမကြီး စီမံကိန်းနှင့် တရုတ်-မြန်မာ စီးပွားရေး စင်္ကြံ စီမံကိန်းများတွင် စင်္ကြံမြို့များတလျှောက် ဟန်ချက်ညီညီ ကြိုတင်ပြင်ဆင်ထားရမည့် ချိတ်ဆက်မှု မဟာဗျူဟာနှင့် နည်းဗျူဟာများကို ပူးပေါင်းဖော်ထုတ်ရန်၊

(ဆ) ပြည်နယ်အသီးသီးတွင် မိမိပြည်နယ်၏ နယ်မြေဒေသလူထု အားသာချက်နှင့် အခွင့်အလမ်းများ အပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်သင့်သည့် စီးပွားရေး ကဏ္ဍများအတွက် လိုအပ်သည့်လုပ်ငန်းစဉ်များအား ပံ့ပိုးကူညီရန်၊

(ဇ) တိုင်းရင်းသား မဟာမိတ်ပါတီများမှ တောင်းဆိုလာသည့် စီးပွားရေးဆိုင်ရာ လေ့လာ သုံးသပ်ချက်များ၊ သုတေသန လုပ်ငန်းများနှင့် နှီးနှော ဖလှယ်ပွဲများ အတွက် ပူးပေါင်းဆောင်ရွက်ရန်၊

၃။ ပြည်သူ့ရှေ့ဆောင်ပါတီသည် ရေတို ရွေးကောက်ပွဲအောင်နိုင်ရေးထက် ရေရှည်မျှော်မှန်းချက် ဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အဓိက အထောက်အကူဖြစ်မည့် လုပ်ငန်းစဉ်များအား တိုင်းရင်းသားမဟာမိတ်ပါတီများနှင့်အတူ အမြန်ဆုံး လက်တွဲ၍ အချင်းချင်းအပြန်အလှန်လေးစားမှုဖြင့် ဗဟိုချုပ်ကိုင်မှု လျော့ချကာ ပြည်နယ်အစိုးရများအား လုပ်ပိုင်ခွင့်အာဏာ တိုးစေမည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ပေါက်လာရေးအတွက် ရှေးရှုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဗဟိုအမှုဆောင်အဖွဲ့